ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန)

စေတုတ္တရာမြို့နယ်

လူထု ဗဟိုပြု စီမံကိန်း

Community Driven Development



# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# Village Development Plan(VDP)

ဖျင်ကြီးကျေးရွာအုပ်စု၊မပေဟာတောင်ကျေးရွာ

၂၀၁၇ ခုနှစ်

စေတုတ္တရာမြို့နယ်

# မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်း (PRA/PSA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော (PRA Tools) များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ -၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ - ၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# စေတုတ္တရာမြို့နယ်ပြမြေပုံ



## မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ ဗျင်ကြီးကျေးရွာအုပ်စု၊ မဟောတောင်ကျေးရွာ အကွက်ဈေးမြေပုံ




**ရည်ညွှန်းချက်**

- အိမ်ယာကွက်၊ မြေကွက်
- ရေတွင်း
- ဘုန်းတော်ကြီးကျောင်း
- စာသင်ကျောင်း
- ကျေးရွာနယ်နိမိတ်
- ဝန်ထမ်းစနစ်အိမ်

| ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စု | လူဦးရေ | | | စာသင်ကျောင်း အဆောက်အအုံ အရေအတွက် | ဘုန်းတော်ကြီးကျောင်း အဆောက်အအုံ အရေအတွက် | [illegible] အဆောက်အအုံ အရေအတွက် | [illegible] အဆောက်အအုံ အရေအတွက် | [illegible] အဆောက်အအုံ အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | | | | |
| မဟောတောင် | ၁၂ | ၁၂ | ၂၉ | ၃၅ | ၆၄ | ၁ | ၁ | ၄ | ၁ | – | |

# ဖျင်ကြီးကျေးရွာအုပ်စု
# အခြေပြမြေပုံ



လူထုပဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် တတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇ ) ခုနှစ်

ကျေးရွာအုပ်စုအမည် - ဖျင်ကြီး ကျေးရွာအမည် -မပေဟာတောင် ရက်စွဲ ၂၂-၁၂-၂၀၁၈

၁။ ကျေးရွာသမိုင်းကြောင်း

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု မပေဟာတောင်ကျေးရွာသည်သီပေါမင်းလက်ထက်တွင် လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ခန့်ကဦးပိန်နှင့်ဦးလိန်ဆိုသော ညီအကိုနှစ်ဦးမှစတင်တည်ထောင်ခဲ့သည်ဟုသိရှိရပါသည်။ကျေးရွာတည်ထောင်စဉ်အိမ်ခြေမှာ (၈)အိမ်လောက်မျှသာရှိသည်ဟုသိရှိရပါသည်။ဦးပိန်နှင့်ဦးလိန်ညီအကိုနှစ်ဦး၏ သားတော်များဖြစ်သည့်ဦးချမ်းသာတို့ လက်ထက်တွင် (၁၀)အိမ်ကျော်ရှိလာပြီး ဦးချမ်းသာ၏ သားတော်များဖြစ်သည့်ဦးမြအေး၊ဦးအောင်ကျော်၊ဦးထွန်းစိန် တို့ လက်ထက်တွင် အိမ်ခြေ(၃၀) ကျော်မှ (၄၃)အိမ်အထိ များပြားခဲ့ဘူးသည်ဟု သိရှိရပါသည်။

ကျွန်တော်တို့ဘိုးဘွားများလက်ထက်တွင် မိုးလေဝသများ မှန်ကန်သောကြောင့် တစ်ကြောင်းလယ်ယာမြေများ ပေါ်များပြီး စားဝတ်နေရေး ချောင်လည်သည်ဟု သိရှိရပါသည်။ ၁၉၆၀ ခုနှစ်နောက်ပိုင်းလယ်မြေများ ရေတိုက်စားခံရပြီး စားဝတ်နေရေး ခက်ခဲလာမှုကြောင့် ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့သွားကြပါသည်။

လက်ရှိ မပေဟာတောင်ကျေးရွာသည် အိမ်ခြေ ၁၃ အိမ်မျှသာ ရှိပြီး စိုက်ပျိုးရေ ရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရပြီး လက်လုပ်လက်စားလုပ်ကိုင်စားသောက်သူများသာ များပြား၍ ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြပါသည်။

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်


# မဟောတောင်ကျေးရွာ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း

## လုပ်ငန်းစဉ် (SPA/ PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၂၂.၁၂.၂၀၁၆ | ကျေးရွာစီ/ထောက်အဖွဲ့၊ အကျေးရွာလူထု | ၁၃ | ၁၂ | ၂၅ | ကျေးရွာဖြစ်ပေါ်လာပုံသမိုင်းကြောင်း |
| ၂ | လူနေမှုနှင့် သယံဇာတပြမြေပုံ (Social & Resource Map) | ၂၂.၁၂.၂၀၁၆ | ရပ်မိ၊ရပ်ဖ၊ကော်မတီဝင် များ | ၁၃ | ၁၂ | ၂၅ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်း၊ ရေကန်၊သစ်တောများ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calender) | ၂၂.၁၂.၂၀၁၆ | ကော်မတီဝင်၊အမျိုးသမီး အမျိုးသားများ | ၁၃ | ၁၂ | ၂၅ | ရာသီပွဲတော်၊ရာသီဉတု၊စီးပွားရေးဝင်ငွေ၊ ထွက်ငွေ |
| ၄ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၂.၁၂.၂၀၁၆ | အမျိုးသား၊အမျိုးသမီး များ | ၁၃ | ၁၂ | ၂၅ | အမျိုးသား၊အမျိုးသမီးတန်းတူအခွင့်အရေး ရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၅ | ကျေးရွာ၏ (၅)နှစ်စာဦးစားပေး အစီအစဉ်(Pair Wise) | ၂၂.၁၂.၂၀၁၆ | ကျေးရွာလူထုအမျိုးသား၊ အုပ်စု၊အမျိုးသမီးအုပ်စု | ၁၃ | ၁၂ | ၂၅ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်နှင့်အဓိက လိုအပ်ချက်များ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | ၂၂.၁၂.၂၀၁၆ | အမျိုးသား၊အမျိုးသမီးမျ | ၁၃ | ၁၂ | ၂၅ | လိုအပ်သောအခြေခံအဆောက်အဦးများ အကြောင်းဆွေးနွေးခြင်း |
| ၇ | အိပ်မက်ပြမြေပုံ (Dream Map) | ၂၂.၁၂.၂၀၁၆ | ကျေးရွာစီ/ထောက်အဖွဲ့၊ အကျေးရွာလူထု | ၁၃ | ၁၂ | ၂၅ | နောင်အနာဂတ်တွင်ကျေးရွာတွင်ဖြစ် စေလိုသောအနာဂတ်မြင်ကွင်းများထည့် သွင်းရေးဆွဲခြင်း |

## ကျေးရွာ၏ အနာဂတ် ပုံရိပ် အိပ်မက်ပြ မြေပုံ ရေးဆွဲခြင်း

မြို့နယ်-စေတုတ္တရာ ကျေးရွာအုပ်စု-ချင်ကြီး ကျေးရွာ-မဟောတောင် ရက်စွဲ-၂၂-၁၂-၂၀၁၇




ပါဝင်ဆွေးနွေးသူ -

ကျား-၁၃

မ -၁၂

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု

မပေါ်ဟာတောင်ကျေးရွာ၏ အနာဂါတ်ပုံရိပ်ပြအိမ်မက်မြေပုံ သုံးသပ်ချက်

ရက်စွဲ- ၂၂-၁၂-၂၀၁၇

နေရာ- ဖျင်ကြီးကျေးရွာရိပ်သာ

မပေါ်ဟာတောင်ကျေးရွာ၏ နောင်(၁၀) နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်အား အောက်ပါအတိုင်းတွေ့ရှိရပါသည်။

-ကျေးရွာအတွင်း ညအချိန်များ အလွန်ရာယ်ကင်းရှင်းစေရန်နှင့် ကျောင်းသားများစာ ကျက်ရာတွင် အဆင်ပြေစေရန် ဆိုလာမီးများ ထွန်းညှိသွယ်တန်းပေးခြင်း။

-ကျေးရွာအတွင်း အစည်းအဝေးပြုလုပ်နိုင်ရန် စုရပ်ဆောင် ဆောက်လုပ်ခြင်း။

-ကျေးရွာစာသင်ကျောင်းတွင် ကျောင်းသား၊သူများ လုံခြုံရေးအတွက် ခြံစည်း ရိုးများ ကာရံခြင်း။

-ကျေးရွာအတွင်း သောက်သုံးရေ ဖူလုံမှုရှိစေရန်နှင့် သန့်ရှင်းစေရန် စိမ့်စမ်းရေ တွင်းများ တူးဖော်ပေးခြင်း။

-ကျေးရွာအတွင်းရှိ လက်ရှိအသုံးပြုနေသောလမ်းမှာ မိုးတွင်းအခါ ရေတိုက်စားခြင်း ရွံ့ဗွက်ထူထပ်ခြင်းတို့ကြောင့် ကျေးရွာတွင်းလမ်းအားသဲကျောက်များ ဖြန့်ခင်းပေးခြင်း။

-ကျေးရွာနေလူထုများ ဗဟုသုတရရှိစေရန် စာကြည့်တိုက်ဆောက်လုပ်ပေးခြင်း။

ပါဝင်ဆွေးနွေးသူ

ကျား-၁၃

မ -၁၂


မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

ကျေးရွာ၏ သဘာဝသယံဇာတ အရင်းအမြစ်နှင့် လူမှုရေးပြမြေပုံ ရေးဆွဲခြင်း

မြို့နယ်-စေတုတ္တရာ ကျေးရွာအုပ်စု-ဖျင်ကြီး ကျေးရွာ -မဟာတောင်

ရက်စွဲ ၂၂-၁၂-၂၀၁၆




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၃

မ - ၁၂

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

## မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ၏ သဘာဝ သယံဇာတ အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ရက်စွဲ- ၂၂-၁၂-၂၀၁၇

နေရာ- ဖျင်ကြီးကျေးရွာစုရပ်ဆောင်

မပေါတောင်ကျေးရွာသည်အိမ်ခြေ(၁၃)အိမ်ရှိပါသည်။ရွာ၏တောင်ဘက်နှင့် အနောက်မြောက်ဘက်တွင် လယ်ကွင်းများရှိ၍ အနောက်ဘက်တွင် စင်းချောင်းရှိကာအရှေ့ဘက် နှင့်မြောက်ဘက်တွင် သစ်တောတောင်တန်းများရှိပါသည်။မပေါတောင်ကျေးရွာတွင် လယ်ယာ လုပ်ကိုင်သည‌ အိမ်ထောင်စုမှာ(၄)စုရှိ၍ လက်လုပ်လက်စား ကျဘမ်းလုပ်ကိုင်သည့် မိသားစုမှာ (၉)စု ရှိပါသည်။

ကျဘမ်းအလုပ်လုပ်ကိုင်သည့်မိသားစုများသည်လယ်ယာပိုင်ရှင်များထံတွင် ကောက်စိုက်ခြင်း၊ရိတ်သိမ်းခြင်း၊ပဲစိုက်ခြင်း၊ရိတ်သိမ်းခြင်း၊ပေါင်းနှုတ် မြက်နှုတ်ခြင်း လုပ်ငန်းများကို ရာသီအလိုက်နေ့စားအငှားလုပ်ကိုင်ကြပါသည်။ထို့အပြင်မွှင့် လင်းရာသီတွင် လမ်းကျောက်ခင်း ခြင်းလုပ်ငန်းသစ်ခုတ်၊ဝါးခုတ်စသည့်ကျဘမ်းအလုပ်များကိုလည်းလုပ်ကိုင်ကြပါသည်။

မပေါတောင်ကျေးရွာသည်မွှင့်လင်းရာသီတွင်ဆိုင်ကယ်ကားများဖြင့်သွား လာနိုင်သော်လည်း မိုးရာသီ၌လမ်းပမ်းဆက်သွယ်ရေး ခက်ခဲပါသည်။လမ်းပမ်းဆက်သွယ်ရေး ခက်

ခဲမှုကြောင့်ပညာရေးကျန်းမာရေးတို့တွင်အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား- ၁၃

မ - ၁၂

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

# မဟောတောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

ရက်စွဲ-၂၂-၁၂-၂၀၁၆

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသိုလ် | တပို့တွဲ | တပေါင်း | အိမ်ထောင်စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စပါး | လယ်စိုက် | လယ်စိုက် | လယ်စိုက် | ယာပေါင်းနှုတ် | ယာပေါင်းနှုတ် | ယာပေါင်းနှုတ် | ယာပေါင်းနှုတ် | ယာသိမ်း | လယ်သိမ်း | လယ်သိမ်း | ယာခုတ် | ယာခုတ် | |
| နှမ်း | | | | ပေါင်းနှုတ် | ပေါင်းနှုတ် | သိမ်း | | | | | | | |
| ရာသီဥတု | နေပူ | နေပူ | နေပူ | မိုးရွာ | မိုးရွာ | နေပူ<br>မိုးရွာ | မိုးရွာ | နေပူ | နေပူ<br>တိမ်ထူ | နေပူ<br>တိမ်ထူ | နေပူ | နေပူ | |
| ကျန်းမာရေး | | | ဝမ်းပျက်/ဝမ်းလျော | ဝမ်းပျက်/ဝမ်းလျော | ဖျားနာ | | | | နာစေး | ချောင်းဆိုး | | | |
| ပွဲတော် | သင်္ကြန်ပွဲ | | | | | | မီးထွန်းပွဲတော် | ကထိန်ပွဲတော် | | | ထမနဲပွဲ | | |
| ဝင်ငွေ | ** | ** | ** | ** | * | ** | * | *** | *** | *** | * | * | |
| ထွက်ငွေ | *** | *** | *** | *** | ** | *** | ** | ** | ** | ** | *** | *** | |
| | | | | | | | | | | | | | |

## မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ ဖျင်ကြီးကျေးရွာအုပ်စု ၊ မပေါတောင်ကျေးရွာ၏ ရာသီခွင်ပြဇယား သုံးသပ်ချက်များ

ရက်စွဲ -၂၂-၁၂ - ၂၀၁၆

နေရာ - ဖျင်ကြီးကျေးရွာ ရိပ်သာ

မကွေတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ ဖျင်ကြီးကျေးရွာအုပ်စု ၊ မပေါတောင်ကျေးရွာ၏ ရာသီခွင်ပြဇယား သုံးသပ်ခြင်း အစည်းအဝေးကို ( ၂၂.၁၂.၂၀၁၆) ရက်နေ့ ကျင်းပခဲ့ပါသည်။

မပေါတောင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုသောရွာ ဖြစ်ပါသည်။ထို့ကြောင့် စပါးစိုက်ပျိုးရန်အတွက် ကဆုန်လမှစတင်ကာ ထွန်ယက်စိုက်ပျိုးပြီး ပေါင်းနုတ်ခြင်း ဆေးဖြန်းခြင်း လုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ကာ နတ်တော်၊ပြာသိုလများတွင် စပါးရိတ်သိမ်းကြပါသည်။ နှမ်းစိုက်ပျိုးခြင်းလုပ်ငန်းကို နယုန်လမှ စတင်ကာ နှမ်းကျဲခြင်း ပေါင်းနှုတ်ခြင်း များကို အဆင့်ဆင့်လုပ်ဆောင်ကြပြီး တော်သလင်းလတွင် နှမ်းသီးနှံ ရိတ်သိမ်းကြပါသည်။

မပေါတောင်ကျေးရွာသည် ဝါဆို ၊ ဝါခေါင် ၊ တော်သလင်းလနှင့် သီတင်းကျွတ် လဂက်လောက်အထိ မိုးရွာသွန်းမှုရှိပြီး ကျန်လများတွင် အများအားဖြင့်သာယာပါသည်။

ကျန်းမာရေးအနေဖြင့် နယုန် ၊ ဝါဆို ၊ ဝါခေါင်လများတွင် ဝမ်းလျှော၊ဝမ်းပျက်ဖြစ်ခြင်း ၊ ဖျားနာခြင်းများ ဖြစ်ပွား၍ နတ်တော်၊ပြာသိုလများတွင်နှာစေးခြင်း၊ ချောင်းဆိုးခြင်း စသည့်ရောဂါများ တစ်ခါတစ်ရံတွင် ဖြစ်ပွားတတ်ကြသည်။

မပေါတောင်ကျေးရွာသည် ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်နှင့် တပိုတွဲလတွင် ထမနဲ ပွဲတော်တို့ကို ကျင်းပကြပါသည်။

မပေါတောင်ကျေးရွာရှိ ရွာသူရွာသားများသည် တန်ခူး၊ ကဆုန်၊ နယုန် ၊ဝါဆို ၊ဝါခေါင်လများတွင် သင်္ကြန်ပွဲတော်ကျင်းပရခြင်း လယ်ယာများ ထွန်ယက်ရခြင်း ၊ စိုက်ပျိုးရခြင်း ၊ ပေါင်းနှုတ်ရခြင်းတို့ကြောင့် ထွက်ငွေများပြားကာ ဝင်ငွေနည်းပါးပါသည်။တော်သလင်း ၊ တန်ဆောင်မုန်း ၊နတ်တော် ၊ ပြာသိုလများတွင် သီးနှံများရိတ်သိမ်းရောင်းချရခြင်းကြောင့်

ထွက်ငွေနည်းပါးပြီး ဝင်ငွေများပြားကာ ကျန်လများတွင် ဝင်ငွေအသင့်အတင့်ရှိ၍ ထွက်ငွေအသင့်အတင့်ရှိကြောင်း ပျမ်းမျှသတ်မှတ် သုံးသပ်ခဲ့ကြပါသည်။

အနှစ်ချုပ်

ဖျင်ကြီးကျေးရွာအုပ်စုရှိ မပေါတောင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး နွမ်းပါးသော မိသားစုများသည် လယ်ယာပိုင်ရှင်များထံတွင် လုပ်အားခ တစ်နေ့လျှင် ( ၃၀၀၀ိ/- ) နှုန်းဖြင့်သာ နေ့စားအလုပ် လုပ်ကိုင်ကြရသူများ ဖြစ်သောကြောင့် ပုံမှန်လုပ်ငန်း မရှိသဖြင့် လုပ်အားခကြိုထုတ်ရခြင်း မီးဖိုချောင်သုံး ပစ္စည်းများ ဆေးဝါးများ စသည်တို့ကို အကြွေးဝယ်ယူရခြင်းတို့ ရှိတတ်ကြပါသည်။ မိုးဦးကာလများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း မိုးသက်လေပြင်း တိုက်ခတ်ခြင်းကြောင့် လယ်ယာများ ပျက်စီး ဆုံးရှုံးခြင်း နေအိမ်များ ပျက်စီးခြင်း ဒဏ်များကို တစ်ခါတစ်ရံတွင် ခံစားကြရပါသည်။

ဦးဆောင်ဆွေးနွေးသူ ► ဦးစံဝင်း


ပါဝင်ဆွေးနွေးသူ ► ကျား( ၁၃ )၊ မ (၁၂ )

မှတ်တမ်းတင်သူ

ဦးတင်အောင်မိုးမြင့်

## မပေဟာတောင်ကျေးရွာနှင့် အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

ရက်စွဲ-၂၂-၁၂-၂၀၁၆




- (အဝါ) များများအကျိုးပြု
- (အပြာ) အသင့်အတင့် အကျိုးပြု
- (ခရမ်းနု) နည်းနည်း အကျိုးပြု

မကွေးတိုင်းဒေသကြီး၊စေတုတ္တရာမြို့နယ်၊ဖျင်ကြီးကျေးရွာအုပ်စု၊မပေါ်တောင်ကျေးရွာ၏

ကျေးရွာနှင့် အဖွဲ့အစည်းချိတ်ဆက်မှု သုံးသပ်ချက်များ

ရက်စွဲ-၂၂-၁၂-၂၀၁၆

မကွေးတိုင်းဒေသကြီး၊စေတုတ္တရာမြို့နယ်၊ဖျင်ကြီးကျေးရွာအုပ်စု၊မပေါ်တောင်ကျေးရွာတွင် ရှိသောအဖွဲ့အစည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကျေးရွာအုပ်ချုပ်ရေး အဖွဲ့**

-ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ပေါ်တော်စုတ်ကျေးရွာတွင် အာဏာအရှိဆုံးနှင့် အကျိုးပြုအများဆုံးဖြစ်သည်။

-ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား အားသွန်ခွန်စိုက်လုပ်ဆောင်သည်။

-ရပ်ရွာလူထုနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တိုင်ပင်ညှိနှိုင်းဆောင်ရွက်သည်။

**ကျောင်းကော်မတီအဖွဲ့**

-ကျောင်းကော်မတီ အဖွဲ့သည် ကျေးရွာရှိ အ.မ.က ကျောင်းမိဘဆရာအသင်းအစည်းအဝေးပြုလုပ်ပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးသည်။

-ကျောင်းပညာရေး ကိစ္စများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်သည်။

**ရေကော်မတီအဖွဲ့**

-ကျေးရွာတွင်ရေရရှိရေး ကိစ္စများကို အဓိကဆောင်ရွက်သည်။

-ရေပိုက်များ ပျက်စီးလျှင် ပြင်ဆင်ခြင်း ထိန်းသိမ်းခြင်း ရေဖြန့်ဝေခြင်းလုပ်ငန်းများကို အဓိက ဆောင်ရွက်သည်။

**မီးကော်မတီ**

-ကျေးရွာတွင် မီးလင်းရေးကိစ္စများကို အဓိက ဆောင်ရွက်သည်။

-ဝါယာကြိုးများ ပေါက်ပြဲခြင်း ရှော့ဖြစ်ခြင်းတို့ကို ပြုပြင်ထိန်းသိမ်းရာတွင် ဦးဆောင်ဆောင်ရွက်သည်။

**ဂေါပက အဖွဲ့**

-ဘာသာရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည်။

-ဘုန်းကြီးကျောင်း၊သိမ်၊ဇရပ် စသည့် ပြုပြင်ခြင်းလုပ်ငန်းများတွင် ဦးဆောင်ဆောင်ရွက်သည်။

**မေ့စကြာ အဖွဲ့**

-ကျေးရွာအတွင်း အန္တရာယ်ကင်းရှင်းကြစေရန် ဥပုတ်နေ့တိုင်း မေ့စကြာတရား ရွတ်ဖတ်ကြသည်။

-သာရေးနာရေးများနှင့် ကြွေးမွေးဧည့်ခံရာတွင်လည်း ရှေ့ဆုံးမှ ပါဝင်ဆောင်ရွက်သည်။

**စိုက်ဘဏ်**

-ကျေးရွာအတွင်း လယ်ယာများ စိုက်ပျိုးရေးအတွက် စိုက်ပျိုးငွေများ ချေးထုတ်ပေးခြင်း

-ကျေးရွာများအတွက် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်သည်။

**လူထုဗဟိုပြုစီမံကိန်း**

-ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများချပေးခြင်း ဆောင်ရွက်ရာတွင် ကူညီခြင်း စီမံကိန်းလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ခြင်း ကျေးရွာလူထုနှင့်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းများပြုလုပ်ကြပါသည်။

Save The Children

-ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်သော အဖွဲ့ဖြစ်ပြီး၊ငှက်ဖျားတိုက်ဖျက်ရေးအတွက် ရည်ရွယ်ကာ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း ဆေးဝါးများထောက်ပံ့ပေးခြင်း ကျန်းမာရေးရုံပုံငွေများ ထူထောင်ပေးခြင်း ကျန်းမာရေးအသိပညာသင်တန်းများပေးခြင်း စသည်တို့ ကို ဆောင်ရွက်ပါသည်။

လူငယ်ပရဟိတအဖွဲ့

-ရပ်ရွာ၏ လူမှုရေး သာရေးနာရေးကိစ္စများတွင် ရှေ့ဆုံးမှ ဦးဆောင်ဆောင်ရွက်သည်။

မြေစာရင်း

-ရပ်ရွာအတွင်းမြေယာ အငြင်းပွားမှုဖြစ်ပွားလျှင် တိုင်းတာဖြေရှင်းပေးသည်။

ကျေးလက်

-ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများတွင် ဦးဆောင်ဆောင်ရွက်သည်။

မြို့နယ်ပညာရေး

-ကျေးရွာပညာရေးလိုအပ်ချက်များကို ဦးဆောင်ပါဝင်ဆောင်ရွက်ခြင်း သင်ထောက်ကူပစ္စည်းများ ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

သမ

-၄င်း အဖွဲ့သည် ယခုကျေးရွာအတွက် လုပ်ဆောင်မှု မရှိတော့ပါ။

ပါဝင်ဆွေးနွေးသူ

ကျား(၁၃)-မ(၁၂)

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

# မပေဟာတောင်အမျိုးသား/အမျိုးသမီးများ၏ တစ်နေ့တာလုပ်ငန်းချိန် နှိုင်းယှဉ်ဇယား

ရက်စွဲ-၂၂-၁၂-၂၀၁၆

| အချိန် | အမျိုးသမီး တစ်နေ့တာ လုပ်ဆောင်ချက် |
|---|---|
| ၁း၀၀ | အိပ်ချိန် |
| ၂း၀၀ | ၊ |
| ၃း၀၀ | ၊ |
| ၄း၀၀ | ဆွမ်းချက် |
| ၅း၀၀ | ဆွမ်းတော်တင်၊ဆွမ်းပို့ |
| ၆း၀၀ | ထမင်းစား |
| ၇း၀၀ | အလုပ်ဆင်း |
| ၈း၀၀ | ၊ |
| ၉း၀၀ | ၊ |
| ၁၀း၀၀ | ၊ |
| ၁၁း၀၀ | ၊ |
| ၁၂း၀၀ | ထမင်းစား |
| ၁၃း၀၀ | နားချိန် |
| ၁၄း၀၀ | အလုပ်ဆင်း |
| ၁၅း၀၀ | ၊ |
| ၁၆း၀၀ | ၊ |
| ၁၇း၀၀ | ၊ |
| ၁၈း၀၀ | ထမင်းဟင်းချက် |
| ၁၉း၀၀ | ထမင်းစား |
| ၂၀း၀၀ | ကလေးစာပြ |
| ၂၁း၀၀ | အိပ်ချိန် |
| ၂၂း၀၀ | ၊ |
| ၂၃း၀၀ | ၊ |
| ၂၄း၀၀ | ၊ |

| အချိန် | အမျိုးသား တစ်နေ့တာ လုပ်ဆောင်ချက် |
|---|---|
| ၁း၀၀ | အိပ်ချိန် |
| ၂း၀၀ | ။ |
| ၃း၀၀ | ။ |
| ၄း၀၀ | အိပ်ယာထ |
| ၅း၀၀ | လုပ်ငန်းဝင်ချိန် |
| ၆း၀၀ | အလုပ်ဆင်း |
| ၇း၀၀ | ။ |
| ၈း၀၀ | ။ |
| ၉း၀၀ | အနားယူချိန် |
| ၁၀း၀၀ | လုပ်ငန်းဆင်း |
| ၁၁း၀၀ | ။ |
| ၁၂း၀၀ | ထမင်းစား |
| ၁၃း၀၀ | ။ |
| ၁၄း၀၀ | အလုပ်ဆင်း |
| ၁၅း၀၀ | ။ |
| ၁၆း၀၀ | ။ |
| ၁၇း၀၀ | ။ |
| ၁၈း၀၀ | အလုပ်သိမ်း |
| ၁၉း၀၀ | ထမင်းစား |
| ၂၀း၀၀ | အနားယူ |
| ၂၁း၀၀ | အိပ်ချိန် |
| ၂၂း၀၀ | ။ |
| ၂၃း၀၀ | ။ |
| ၂၄း၀၀ | ။ |

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

## မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ၏ အမျိုးသား၊အမျိုးသမီးလုပ်ငန်းချိန်ပြဇယား သုံးသပ်ချက်

ရက်စွဲ-၂၂-၁၂-၂၀၁၇

နေရာ-ဖျင်ကြီးကျေးရွာ စုရပ်ဆောင်

ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ၏ အမျိုးသား အမျိုးသမီးတစ်နေ့တာ အလုပ်လုပ်ချိန်များသုံးသပ်ခြင်းအစည်းအဝေးကို ဖျင်ကြီးကျေးရွာစုရပ်ဆောင်တွင် (၂၂-၁၂-၂၀၁၇) ရက်နေ့၌ ကျင်းပခဲ့ပါသည်။

အမျိုးသားနှင့် အမျိုးသမီးတို့၏ အလုပ်ချိန်ကို နှိုင်းယှဉ်ကြရာတွင် အမျိုးသားများက အပြင်ထွက်၍ ဝင်ငွေရသည့် အလုပ်များကို လုပ်ကိုင်နေချိန်တွင် အမျိုးသမီးများမှာ အိမ်တွင် အိမ်မှုကိစ္စများကို အချိန်ပြည့်နီးပါး လုပ်ကိုင်နေကြရပါသည်။အင်းပတ်ကျင်းကျေးရွာတွင် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ရာ၌ အမျိုးသားများက ယာခုတ်ခြင်း လယ်ထွန်ခြင်းလုပ်ငန်းများ လုပ်ကိုင်ချိန်တွင် အမျိုးသမီးများမှလည်း ပေါင်းကောက်ခြင်း နွားကျောင်းခြင်း ထင်းခွေခြင်း လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ကြရပါသည်။


အမျိုးသမီးအများစုမှာ အမျိုးသားများကို ကူညီပေးရသည့်အပြင် အိမ်မှုကိစ္စများကိုလည်း အလျှင်မိုအောင်ဆောင်ရွက်ကြရပါသည်။အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် အိမ်မှုကိစ္စများတွင် အချိန်ပြည့်နီးပါး လုပ်ကိုင်နေရခြင်းဖြစ်ပါသည်။

| | |
|---|---|
| ပါဝင်ဆွေးနွေးသူ | မှတ်တမ်းတင်သူ |
| ကျား(၁၃)-မ(၁၂) | တင်အောင်မိုးမြင့် |

**ပင့်ကူအိမ် သုံးသပ်ခြင်း ( Cobweb )**

**အမျိုးသမီး အဖွဲ့ / အမျိုးသား အဖွဲ့**

**ရက်စွဲ-၂၂-၁၂-၂၀၁၆**




အမျိုးသား

အမျိုးသမီး

# မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်

ရက်စွဲ- ၂၂-၁၂-၂၀၁၇

နေရာ- ဖျင်ကြီးကျေးရွာစုရပ်ဆောင်

စေတုတ္တရာမြို့နယ်၊ဖျင်ကြီးကျေးရွာအုပ်စု၊မပေါတောင်ကျေးရွာ၏ပင့်ကူအိမ်သုံးသပ်ချက်များကို ကျေးရွာစုရပ်ဆောင်၌ ဝင်ငွေ အလုပ်အကိုင်အခွင့်အလမ်း ၊ခေါင်းဆောင်မှု ၊အိမ်မှုစောင့်ရှောက်မှု ၊ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊လုံခြုံစိတ်ချရမှု၊ပညာရေးလက်လှမ်းမီမှု၊လူမှုရေးကိစ္စများတွင်ဆုံးဖြတ်ချက်ချခြင်း ဟူ၍ခေါင်းစဉ်(၈)ခုခွဲကာ ဆွေးနွေးခဲ့ကြပါသည်။

## ဝင်ငွေ

မပေါတောင်ကျေးရွာ၏ဝင်ငွေအခြေအနေများသုံးသပ်ရာတွင်အမျိုးသားများသည်(၈၀)ရာခိုင်နှုန်းရှိ၍ အမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းရှိပါသည်။အမျိုးသားများသည် အိမ်ထောင်စုတစ်စုစီးပွားရေး၏ အဓိကသွေးကြောဖြစ်ပြီး ဦးဆောင်ရှာဖွေကြကာ အလုပ်အကိုင်အခွင့်အလမ်းများပြားခြင်းကြောင့်အမျိုးသမီးများထက်ရာနှုန်းများနေရခြင်းဖြစ်ပါသည်။အမျိုးသမီးများမှာ အချိန်ပြည့်နီးပါး အိမ်မှုကိစ္စများ အချိန်ပြည့်နီးပါး အိမ်မှုကိစ္စများလုပ်ကိုင်ရခြင်းကြောင့် အပိုဝင်ငွေအဖြစ် အားလပ်ချိန်များတွင်သာ ရာသီပေါ်လယ်ယာထွက် သီးနှံများကို ရောင်းချခြင်း၊ကောက်စိုက်ပျိုးနှုတ် နေ့စားအငှားလိုက်ခြင်းတို့ကို ရံဖန်ရံခါသာ လုပ်ကိုင်ရခြင်းကြောင့် အမျိုးသားများထက် ဝင်ငွေရာနှုန်းနည်းပါးနေရခြင်းဖြစ်ပါသည်။

## အလုပ်ကိုင် အခွင့်အလမ်း

အလုပ်ကိုင်အခွင့်အလမ်းတွင်အမျိုးသားများသည်(၇၅)ရာခိုင်နှုန်းရှိ၍အမျိုးသမီးများသည်(၇၅)ရာခိုင်နှုန်းရှိပါသည်။ကျေးရွာ၏ အသက်သွေးကြောဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသားများသည် ခွန်အားစိုက်ထုတ်၍ လုပ်ကိုင်နိုင်ခြင်း ရာသီအလိုက် ကျဘမ်းအလုပ်များ လုပ်ကိုင်၍ အပိုဝင်ငွေ ရှာဖွေနိုင်ခြင်းတို့ကြောင့်အလုပ်ကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက် ရာနှုန်းများပြားနေရခြင်းဖြစ်ပါသည်။ အမျိုးသမီးများမှာအိမ်မှုကိစ္စများတွင်သာအချိန်ကုန်နေရခြင်းကြောင့်အမျိုးသားများထက်အလုပ်အကိုင်အခွင့်လမ်း ရာနှုန်း နည်းပါးနေရခြင်း ဖြစ်ပါသည်။

## ခေါင်းဆောင်မှု

မဟောတောင်ကျေးရွာ၏ ခေါင်းဆောင်မှုတွင် အမျိုးသားများသည် (၁၀၀)ရာခိုင်နှုန်း ရှိ၍ အမျိုးသမီးများသည် (၅၀)ရာခိုင်နှုန်းရှိပါသည်။အိမ်ထောင်စုတစ်ခု၏ စားဝတ်နေရေး ၊ရပ်ရွာ၏ သာရေးနာရေး ကိစ္စများတွင် အမျိုးသားများကဦးဆောင်ဆုံးဖြတ်နိုင်ခြင်းကြောင့်အမျိုးသမီးများထက် ရာခိုင်နှုန်းများနေရခြင်းဖြစ်ပါသည်။အမျိုးသမီးများမှာ အချိန်အများအားဖြင့် အိမ်မှုကိစ္စများတွင်သာ အချိန်ကုန်နေရခြင်းကြောင့် ခေါင်းဆောင်မှုတွင် အမျိုးသားများထက် နည်းနေရခြင်းဖြစ်ပါသည်။

## အိမ်မှုစောင့်ရှောက်မှု

အိမ်မှုစောင့်ရှောက်မှု သုံးသပ်ရာတွင် အမျိုးသားများသည် (၅၀)ရာခိုင်နှုန်းရှိ၍ အမျိုးသမီးများသည် (၁၀၀) ရာခိုင်နှုန်းရှိပါသည်။အမျိုးသားများသည် စီးပွားရေးစားဝတ်နေရေး ကိစ္စများတွင် လုံးပမ်းနေရခြင်းကြောင့် အမျိုးသမီးများထက်နည်းနေရခြင်းဖြစ်ပါသည်။အမျိုးသမီးများမှာ အိမ်မှုကိစ္စများတွင်သာ အချိန်တော်တော်များများ လုပ်ကိုင်နေရခြင်းကြောင့် အိမ်မှုစောင့်ရှောက်မှုတွင် အမျိုးသားများထက် များနေရခြင်းဖြစ်ပါသည်။

## ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သတ်မှတ်ရာတွင် အမျိုးသားများက (၅၀) ရာခိုင်နှုန်းရှိ၍ အမျိုးသမီးများက (၅၀)ရာခိုင်နှုန်းရှိပါသည်။မဟောတောင်ကျေးရွာရှိအမျိုးသားများသည်အလုပ်များလုပ်ကိုင်ရာတွင် ဦးဆောင်လုပ်ကိုင်နိုင်သော်လည်း အမျိုးသမီးများသည် အိမ်တွင်စုဆောင်းသိမ်းဆည်းနိုင်ခြင်း အားလပ်ချိန်များတွင် မြေထွက်သီးနှံများ ရောင်းချ၍ အပိုဝင်ငွေရှာဖွေနိုင်ခြင်း ဝင်ငွေထွက်ငွေကို ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းတို့ကြောင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသားနှင့် အမျိုးသမီးများသည် ရာနှုန်းတူနေရခြင်း ဖြစ်ပါသည်။

## လုံခြုံစိတ်ချရမှု

လုံခြုံစိတ်ချမှုတွင် အမျိုးသားများက (၁၀၀) ရာခိုင်နှုန်းရှိ၍ အမျိုးသမီးများက (၅၀) ရာခိုင်နှုန်းရှိပါသည်။အမျိုးသားများသည် ကျေးရွာအတွင်း၊အပြင် နေ့ညမရွေး သွားလာလုပ်ကိုင်နိုင်သော်လည်း အမျိုးသမီးများမှာ ညရေးညတာ လူမှုရေးကိစ္စများ သာရေးနာရေးကိစ္စများ ဆောင်ရွက်ရန် အခွင့်အရေးမရခြင်း မိဘများ သားသမီးများ၏ကိစ္စများ ဆောင်ရွက်နေရသဖြင့် လုံခြုံစိတ်ချမှုတွင် အမျိုးသားများထက် နည်းနေရခြင်းဖြစ်ပါသည်။

## ပညာရေးလက်လှမ်းမှီမှု

ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသားများသည် (၇၀)ရာခိုင်နှုန်းရှိ၍ အမျိုးသမီးများသည် (၅၀) ရာခိုင်နှုန်းရှိပါသည်။အမျိုးသားများသည် ငယ်စဉ်ကတည်းက လွတ်လပ်စွာပညာသင်ကြားရခြင်း အလယ်တန်း အထက်တန်း ပညာများကို မိဘများက စေလွှတ်ပညာသင်ကြားစေခြင်းတို့ကြောင့် ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသမီးများထက်များနေရခြင်းဖြစ်ပါသည်။အမျိုးသမီးများမှာကျေးရွာတွင်းမူလတန်းပညာကိုသင်ကြားရလည်း အလယ်တန်း၊အထက်တန်းကျောင်းများ ကျေးရွာများတွင်မရှိသေးခြင်းကြောင့်.မြို့ပေါ်၊ကျောင်းခွဲရှိသောကျေးရွာ တွင်ပညာသင်ကြားရန်သွားလာရခက်ခဲခြင်းမိဘများ၏စိတ်ချမှုမရရှိခြင်းတို့.ကြောင့် အများစုမှာပညာဆုံးခန်းတိုင် သင်ကြားခွင့်မရရှိ၍အမျိုးသားများထက်ပညာတတ်မြောက်မှုတွင် နည်းပါးနေရခြင်း ဖြစ်ပါသည်။

## လူမှုရေးကိစ္စတွင် ဆုံးဖြတ်ချက်ချခြင်း

လူမှုရေးကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချခြင်း၌ အမျိုးသားများသည် (၁၀၀) ရာခိုင်နှုန်းရှိ၍ အမျိုးသမီးများမှာ (၅၀) ရာခိုင်နှုန်းရှိပါသည်။ အမျိုးသာများသည် လူမှုရေးကိစ္စများတွင် ပိုမိုပူးပေါင်းပါဝင်နိုင်ခြင်း ဦးဆောင်ဆောင်ရွက်နိုင်ခြင်းတို့.ကြောင့် အမျိုးသမီးများထက် ဆုံးဖြတ်ချက်ချခြင်းတွင် ရာနှုန်းပိုများနေရခြင်း ဖြစ်ပါသည်။အမျိုးသမီးများမှာ ရံဖန်ရံခါသာ ဆုံးဖြတ်ချက်ချရသောကြောင့်.အမျိုးသားများ ထက်နည်းနေရခြင်း ဖြစ်ပါသည်။

## အနှစ်ချုပ်

မဟောတောင်ကျေးရွာသည် အလုပ်အကိုင်ရှားပါးခြင်း အမျိုးသမီးများလုပ်ကိုင်ရသောအလုပ် အကိုင် နည်းပါးခြင်း၊စက်ရုံအလုပ်ရုံတို့. မရှိခြင်းကြောင့် ရွာသူရွာသားအများစုမှာ နွမ်းပါးကြပါသည်။

**ပါဝင်ဆွေးနွေးသူ**

ကျား- ၁၃

မ -၁၂

**မှတ်တမ်းတင်သူ**

တင်အောင်မိုးမြင့်

ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ်- စေတုတ္တရာ ကျေးရွာအုပ်စု- ဗျင်ကြီး ကျေးရွာ- မပေဟာတောင် ရက်စွဲ- ၂၂-၁၂-၂၀၁၆

| အကြောင်းအရာ | ချမ်းသာ | အလယ်အလတ် | နွမ်းပါး |
|---|---|---|---|
| နေအိမ်အခြေအနေ | သွပ်မိုး၊ပျဉ်ခင်း၊ပျဉ်ကာ | သက်ကယ်မိုး၊ပျဉ်ခင်း၊ ဝါးကပ်ကာ | သက်ကယ်မိုး၊ဝါးကပ်ခင်း၊ ဝါးကတ်ကာ |
| စက်ပစ္စည်းပိုင်ဆိုင်မှု | စက်ဘီး၊ဆိုင်ကယ်၊ဖုန်း ရေဒီယို | စက်ဘီး၊ဖုန်း၊ရေဒီယို | ရေဒီယို |
| လယ်ယာမြေပိုင်ဆိုင်မှု | လယ်(၂)ဧက | လယ်(၁)ဧက | - |
| ကျွဲ၊ နွားပိုင်ဆိုင်မှု | နွား(၄) ကောင် | နွား(၂) ကောင် | - |
| တနှစ်ပျမ်းမျှဝင်ငွေ | ၃၀သိန်း | ၂၀သိန်း | ၁၀သိန်း |
| စားနပ်ရိက္ခာဖူလုံမှု | နှစ်ပတ်လည်ဖူလုံ | (၁၀)လစာ ဖူလုံ | (၃)လစာ ဖူလုံ |
| စုစုပေါင်းအိမ်ထောင်စု | ၂ | ၂ | ၉ |

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ၏
ဥစ္စာနေအဆင့် ခွဲခြားမှုသုံးသပ်ချက်

ရက်စွဲ- ၂၂-၁၂-၂၀၁၇

နေရာ-ဖျင်ကြီးကျေးရွာစုရပ်ဆောင်

ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ၏ ဥစ္စာနေခွဲခြားသတ်မှတ်ချက် အစည်းအဝေးကို ဖျင်ကြီးကျေးရွာ စုရပ်ဆောင်တွင်(၂၂-၁၂-၂၀၁၇)ရက်နေ့၌ ကျင်းပခဲ့ပါသည်။ မပေါတောင်ကျေးရွာ၏ ဥစ္စာနေခွဲခြားသတ်မှတ်ရာတွင် ချမ်းသာသောမိသားစု၊ အလယ်အလတ် မိသားစု၊ နွမ်းပါးသောမိသားစုဟူ၍ အဆင့်(၃)ဆင့် ခွဲခြားပြီး သတ်မှတ်ခဲ့ကြပါသည်။

မပေါတောင်ကျေးရွာရှိ ချမ်းသာသော မိသားစုများသည် ပျဉ်ခင်း၊ပျဉ်ကာ၊သွပ်မိုး နေအိမ်များဖြင့် နေထိုင်ကြပြီး ဆန်စက်၊ဆီစက်၊TV၊ဆိုင်ကယ်၊နွား (၇) ကောင်ခန့်နှင့် လယ်(၁.၅)ဧကခန့်ပိုင်ဆိုင်ကြကာစားဝတ်နေရေးတွင် တစ်နှစ်ပတ်လုံးရှိသည် ဟုပျမ်းမျှအနေဖြင့် ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။အလယ်အလတ်မိသားစုများအနေဖြင့်ပျဉ်ခင်း၊ပျဉ်ကာ၊သက်ကယ်မို းနေအိမ်များဖြင့်နေထိုင်ကြပြီး TV၊ရေဒီယို၊နွား(၄)ကောင်နှင့် လယ်(၁)ဧက ခန့်ရှိကာ စားဝတ်နရေးတွင်(၆)လမျှသာ ဖူလုံမှုရှိသည်ဟု ပျမ်းမျှဆွေးနွေး သတ်မှတ်ခဲ့ကြပါသည်။ နွမ်းပါး သောမိသားစုများမှာဝါးကတ်ခင်း၊ဝါးကတ်ကာသက်ကယ်မိုးနေအိမ်များဖြင့်နေထိုင်ကြပြီး လယ်ယာ ပိုင်ဆိုင်မှုမရှိသောကြောင့် ရာသီအလိုက် နေ့စားကျပမ်း အလုပ်များကိုသာ လုပ်ကိုင်ကြရပြီး စားဝတ်နေရေးတွင် (၂) လစာမျှသာ ဖူလုံမှုရှိသည်ဟု ပျမ်းမျှဆွေးနွေး သတ်မှတ်ခဲ့ကြပါသည်။

**အနှစ်ချုပ်**


နွမ်းပါးသောမိသားစုများသည်ဝါးကတ်ခင်း၊ဝါးကတ်ကာ၊သက်ကယ်မိုးနေအိမ်များဖြင့်သာေ နထိုင်ကြရကာ စားဝတ်နေရေးတွင် ရာသီအလိုက် ကျပမ်းအလုပ်များကို လုပ်ကိုင်နေရခြင်း၏ အဓိကအချက်မှာအလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။အလုပ်အကိုင်အခွင့် အခွင့်အလမ်း နည်းပါးခြင်းကြောင့် ဝင်ငွေအခွင့်အလမ်းမှာလဲ နည်းပါးနေရခြင်း ဖြစ်ပါသည်။

| | |
|---|---|
| ပါဝင်ဆွေးနွေးသူ | မှတ်တမ်းတင်သူ |
| ကျား(၁၃)-မ(၁၂) | တင်အောင်မိုးမြင့် |

မပေဟာတောင်ကျေးရွာ ပြဿနာသစ်ပင်ရေးဆွဲခြင်း

ရက်စွဲ-၂၂-၁၂-၂၀၁၆

နေရာ-ဈင်ကြီးကျေးရွာစုရပ်ဆောင်



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု မပေါ်ဟာတောင်ကျေးရွာ၏

ပြဿနာသစ်ပင် သုံးသပ်ခြင်း

ရက်စွဲ-၂၂-၁၂-၂၀၁၇

နေရာ- ဖျင်ကြီးကျေးရွာ ဓိုဝ်သာ

မပေါ်ဟာတောင်ကျေးရွာ၏ အစည်းအဝေးများပြုလုပ်ရန် နေရာမရှိခြင်း ပြဿနာမှာ အစိုးရထောက်ပံ့မှု မရရှိသေးခြင်း၊ကျေးရွာတွင်းရှိ လူထုများသည် ဝင်ငွေအခွင့်အလမ်းနည်းပါးခြင်း၊ဆင်းရဲနွမ်းပါးခြင်း၊ကိုယ်ထူကိုယ်ထ မဆောင်ရွက်နိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။စုရပ်ဆောင် မရှိခြင်းကြောင့် ကြုံတွေ့ရသောအခက်အခဲများမှာကျေးရွာအတွင်းအစည်းအဝေးပြုလုပ်ရန်နေရာခက်ခဲခြင်း၊ဗဟုသုတရရှိနိုင်မှု နည်းပါးနိုင်ခြင်း၊ကျေးရွာအတွင်း သာရေးနာရေးပြုလုပ်ရန်နေရာခက်ခဲခြင်း၊ကျေးရွာတွင်းရွာအတွင်းရှိ လူထုများ၏ အသိပညာများ နိမ့်ကျခြင်း စသည့်ပြဿနာများကြုံတွေ့ကြရပါသည်ဟု ဝိုင်းဖွဲ့ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား-၁၃


မ -၁၂

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

## ပြဿနာ ဖြေရှင်းမှု စက်ဝန်း

မြို့နယ်-စေတုတ္တရာ ကျေးရွာအုပ်စု-ဖျင်ကြီး ကျေးရွာ-မပေဟာတောင် ရက်စွဲ-၂၂-၁၂-၂၀၁၇




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၃

မ - ၁၂

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

**မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ၏**

**ပြဿနာ ဖြေရှင်းမှုစက်ဝန်း သုံးသပ်ချက်**


ရက်စွဲ- ၂၂-၁၂-၂၀၁၇

နေရာ -ဖျင်ကြီးကျေးရွာ ရိပ်သာ


မပေါတောင်ကျေးရွာ၏ ပြဿနာဖြေရှင်းမှုစက်ဝန်းသုံးသပ်ချက်အရ စုရပ်ဆောင်မရှိခြင်းကြောင့် ကြုံတွေ့ရသော ပြဿနာများမှာ ကျေးရွာအတွင်းအစည်းအဝေးများပြုလုပ်ရန်ခက်ခဲခြင်း ဗဟုသုတ ရရှိနိုင်မှု နည်းပါးခြင်း၊ကျေးရွာအတွင်းသာရေးနာရေးများပြုလုပ်ရန်နေရာခက်ခဲခြင်း၊ကျေးရွာအတွင်းရှိလူထုများ၏အသိဉာဏ်နိမ့်ကျမှုများ စသည်တို့ကိုတွေ့ကြုံခံစားကြရပါသည်။ထို့ကြောင့် စုရပ်ဆောင် ဆောက်လုပ်နိုင်ရန်အတွက် မပေါတောင်ကျေးရွာရှိ လူထုအားလုံးသည် ရန်ပုံငွေရှာဖွေခြင်း၊အစိုးရသို့အကူအညီတောင်းခံခြင်း၊စုဝေးရန်အဆောက်အဦဆောက်လုပ်ခြင်း၊ကျေးရွာလူထုအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်း၊စနစ်တကျထိန်းသိမ်းခြင်း စသည်တို့ဖြင့် စုဝေးရန်နေရာမရှိခြင်း ပြဿနာအား အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

| | |
|---|---|
| ပါဝင်ဆွေးနွေးသူ | မှတ်တမ်းတင်သူ |
| ကျား-၁၃ | တင်အောင်မိုးမြင့် |
| မ -၁၂ | |

# ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ



## ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ



### မဟောတောင်ကျေးရွာ၏ လုပ်ငန်းလိုအပ်ချက်များ ဖော်ထုတ်ခြင်း

ရက်စွဲ - ၂၂-၁၂-၂၀၀၆

အမျိုးသား အဖွဲ့

၁။ ကျေးရွာစုရပ်ဆောင်ဆောက်လုပ်ခြင်း

၂။ စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း

၃။ မီးသတ်ရေကန်နှင့် အင်ကျင်

၄။ ရွာတွင်းလမ်းပြုပြင်ခြင်း

အမျိုးသမီး အဖွဲ့

၁။ ကျေးရွာစုရပ်ဆောင်ဆောက်လုပ်ခြင်း

၂။ စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း

၃။ မီးသတ်ရေကန်နှင့် အင်ကျင်

၄။ ရွာတွင်းလမ်း ပြုပြင်ခြင်း

မပေဟာတောင်ကျေးရွာလူမှုရေး အဆောက်အဦးဆိုင်ရာ အခက်အခဲများအပေါ် ခန့်မှန်း ငွေကြေး

တွက်ချက်မှုဇယား

ရက်စွဲ -၂၂-၁၂-၂၀၁၆

| စဉ် | ဦးစားပေးဖြေရှင်းရမည့် အခက်အခဲ | ဖြေရှင်းနည်း | လိုအပ်သောဘဏ္ဍာငွေ ပမာဏ | ဆောင်ရွက်မည့်ကာလ | တာဝန်ခံမည့် အဖွဲ့ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာအတွင်း သာရေးနာရေးများ ပြုလုပ်ရန် ခက်ခဲခြင်း | ကျေးရွာစုရပ်ဆောင် ဆောက်လုပ်ခြင်း | ၄၅၀၀၀၀၀ | ၂၀၁၇ | ကျေးရွာကော်မတီဝင်များ | |
| ၂။ | စာသင်ကျောင်း မလုံခြုံခြင်း | စာသင်ကျောင်း မြီစည်းရိုးကာရံခြင်း | ၆၀၀၀၀၀၀ | ၂၀၁၇ | ကျေးရွာကော်မတီဝင်များ | |
| ၃။ | နွေရာသီ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း | မီးသတ်ရေကန် နှင့် အင်ဂျင် | ၄၀၀၀၀၀၀ | ၂၀၁၇ | ကျေးရွာကော်မတီဝင်များ | |
| ၄။ | မိုးရာသီတွင် ရွာတွင်းလမ်းသွားလာရန် ခက်ခဲခြင်း | ရွာတွင်းလမ်းပြုပြင်ခြင်း | ၆၀၀၀၀၀၀ | ၂၀၁၇ | ကျေးရွာကော်မတီဝင်များ | |

ပါဝင်ဆွေးနွေးသူ

ကျား- ၁၃

မ - ၁၂

မှတ်တမ်းတင်သူ

တင်အောင်မိုးမြင့်

# မပေဟာတောင်ကျေးရွာ၏လုပ်ငန်းဦးစားပေးဇယား နှိုင်းယှဉ်ခြင်း

| | ကျေးရွာစုရပ်ဆောင် ဆောက်လုပ်ခြင်း | စာသင်ကျောင်း ခြံစည်းရိုး ကာရံခြင်း | မီးသတ်ရေကန်နှင့် အင်ကျင် | ရွာတွင်းလမ်း ပြုပြင်ခြင်း | ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|---|---|
| ကျေးရွာစုရပ်ဆောင် ဆောက်လုပ်ခြင်း | | ကျေးရွာစုရပ်ဆောင် ဆောက်လုပ်ခြင်း | ကျေးရွာစုရပ်ဆောင်ဆောက်လုပ်ခြင်း | ကျေးရွာစုရပ်ဆောင်ဆောက်လုပ်ခြင်း | ၄ | ၁ |
| စာသင်ကျောင်း ခြံစည်းရိုး ကာရံခြင်း | | | စာသင်ကျောင်းခြံ စည်းရိုး ကာရံခြင်း | စာသင်ကျောင်းခြံ စည်းရိုး ကာရံခြင်း | ၃ | ၂ |
| မီးသတ်ရေကန်နှင့် အင်ကျင် | | | | မီးသတ်ရေကန် နှင့် အင်ကျင် | ၂ | ၃ |
| ရွာတွင်းလမ်း ပြုပြင်ခြင်း | | | | | ၁ | ၄ |

မဟောတောင်ကျေးရွာဦးစားပေးအဆင့်လုပ်ငန်းနှိုင်းယှဉ်ဇယား

| စဉ် | လုပ်ငန်းမျိုးအစား | ဦးစားပေးအဆင့် |
|---|---|---|
| ၁ | ကျေးရွာစုရပ်ဆောင်ဆောက်လုပ်ခြင်း | ပထမ |
| ၂ | စာသင်ကျောင်းခြံစည်းရိုး ကာရံခြင်း | ဒုတိယ |
| ၃ | မီးသတ်ရေကန်နှင့် အင်ဂျင် | တတိယ |
| ၄ | ရွာတွင်းလမ်းပြုပြင်ခြင်း | စတုတ္ထ |

## ဖျင်ကြီးကျေးရွာအုပ်စု မပေါတောင်ကျေးရွာ
## စုရပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေပုံ





## ဖျင်ကြီးကျေးရွာအုပ်စု မဟောတောင်ကျေးရွာ
## ကျေးရွာကော်မတီဝင်ရွေးချယ်ခြင်း အစည်းအဝေး ကျင်းပနေပုံ





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးကျော်ဆွေ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦးတင်အောင်မိုးမြင့် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ်-စေတုတ္တရာ | ကျေးရွာအုပ်စု-ဖျင်ကြီး | ကျေးရွာ-မဟောတောင် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ချင်း | ၁၃ | ဘာသာ (၁) ဗုဒ္ဓ | ၁၃ |
| လူမျိုးစု (၂) ------------- | | | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၂) ------------- | |
| | | ဘာသာ (၃) ------------- | |
| လူမျိုးစုရေ -------------- | | | |
| အခြား | | ဘာသာရေ ------------ | |
| | | | |
| မသန်စွမ်းသူများ | အရေအတွက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ | | |
| စစ်ဘေးရှောင် | | | |
| | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)ချင်း | ၂၉ | ၃၆ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | | |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ရေစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း နွေရာသီ
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ (ဝိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၁ နာရီ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------၁း၃၀ နာရီ--------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ --၂၀၁၅ ခုနှစ်တွင်ရေကြီးရေလျှံခြင်း------------------------

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) –Save The Children

(၂) ----------------------------------

**(၉) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည်- ဦးစံဝင်း

လက်မှတ် နေ့စွဲ-၂၂-၁၂-၂၀၁၆

လူထုစည်းရုံးရေးမှူး အမည်- ဦးတင်အောင်မိုးမြင့်

လက်မှတ် နေ့စွဲ- ၂၂-၁၂-၂၀၁၆

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည်-ဦးတင်အောင်မိုးမြင့် | | | |
| နေ့စွဲ-၂၂-၁၂-၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း -မကွေး | မြို့နယ်-စေတုတ္တရာ | ကျေးရွာအုပ်စု-ဖျင်ကြီး | ကျေးရွာ-မဟောတောင် |

| **စီမံကိန်းဆောင်ရွက်မှုအဆင့်များ** | **နေ့စွဲ** | | **အစည်းအဝေးတွင်တက်ရောက်သူအရေအတွက်** | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂-၁၂-၂၀၁၆ | ၂၂-၁၂-၂၀၁၆ | ၁၃ | ၁၂ | ၂၄ | ချင်း | ၂၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂-၁၂-၂၀၁၆ | ၂၂-၁၂-၂၀၁၆ | ၁၃ | ၁၂ | ၂၄ | ချင်း | ၂၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၃-၁၂-၂၀၁၆ | ၂၃-၁၂-၂၀၁၆ | ၈ | ၅ | ၁၃ | ကရင်(၁) ချင်း(၁) | ဗမာ(၁) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂-၁၂-၂၀၁၆ | ၂၂-၁၂-၂၀၁၆ | ၁၂ | ၁၀ | ၂၂ | ချင်း | ၂၂ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၂-၁၂-၂၀၁၆ | ၂၂-၁၂-၂၀၁၆ | ၁၂ | ၁၀ | ၂၂ | ချင်း | ၂၂ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၂-၁၂-၂၀၁၆ | ၂၂-၁၂-၂၀၁၆ | ၁၂ | ၁၀ | ၂၂ | ချင်း | ၂၂ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၃-၁၂-၂၀၁၆ | ၂၃-၁၂-၂၀၁၆ | ၈ | ၅ | ၁၅ | ကရင်(၁)<br>ချင်း(၁၁) | ဗမာ(၁) |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၂-၁၂-၂၀၁၆ | ၂၂-၁၂-၂၀၁၆ | ၁၂ | ၁၀ | ၂၂ | ချင်း | ၂၂ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၂၅-၃-၂၀၁၆ | ၂၅-၃-၂၀၁၆ | ၉ | ၅ | ၁၄ | ချင်း | ၁၄ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၁၆-၄-၂၀၁၆ | ၁၆-၄-၂၀၁၆ | ၅ | ၇ | ၁၂ | ချင်း | ၁၂ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၃-၅-၂၀၁၆ | ၃-၅-၂၀၁၆ | ၆ | ၆ | ၁၂ | ချင်း | ၁၂ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၁၈-၅-၂၀၁၆ | ၁၈-၅-၂၀၁၆ | ၇ | ၆ | ၁၃ | ချင်း | ၁၃ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၃-၅-၂၀၁၆ | ၂၃-၅-၂၀၁၆ | ၁၂ | ၉ | ၁၃ | ချင်း | ၂၀ |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည်-ဦးတင်အောင်မိုးမြင့် | | | |
| နေ့စွဲ-၂၂-၁၂-၂၀၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း-မကွေး | မြို့နယ်-စေတုတ္တရာ | ကျေးရွာအုပ်စု-ဖျင်ကြီး | ကျေးရွာ-မဟောတောင် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာအတွင်းအစည်းအဝေးပြုလုပ်ရန်နေရာခက်ခဲခြင်း | ၁ | ကျေးရွာအတွင်းအစည်းအဝေးပြုလုပ်ရန်နေရာခက်ခဲခြင်း |
| ၂ | စာသင်ကျောင်းဝန်း လုံခြုံမှု မရှိခြင်း | ၂ | စာသင်ကျောင်းဝန်း လုံခြုံမှု မရှိခြင်း |
| ၃ | နွေရာသီ ရေရှားပါး၍ မီးဘေးအန္တရာယ်ရှိခြင်း | ၃ | နွေရာသီ ရေရှားပါး၍ မီးဘေးအန္တရာယ်ရှိခြင်း |
| ၄ | မိုးရာသီတွင် ရွာတွင်းလမ်း သွားလာရ ခက်ခဲခြင်း | ၄ | မိုးရာသီတွင် ရွာတွင်းလမ်း သွားလာရ ခက်ခဲခြင်း |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာအတွင်းအစည်းအဝေးပြုလုပ်ခြင်းအဆင်ပြေစေရန် | ၁ | ကျေးရွာအတွင်းအစည်းအဝေးပြုလုပ်ခြင်းအဆင်ပြေစေရန် |
| ၂ | စာသင်ကျောင်းဝန်းအား လုံခြုံမှုရှိစေရန် | ၂ | စာသင်ကျောင်းဝန်းအား လုံခြုံမှု ရှိစေရန် |
| ၃ | နွေရာသီတွင် မီးဘေးအန္တရာယ် လုံခြုံစိတ်ချမှုရှိစေရန် | ၃ | နွေရာသီတွင် မီးဘေးအန္တရာယ် လုံခြုံစိတ်ချမှုရှိစေရန် |
| ၄ | မိုးရာသီတွင် ရွာတွင်းလမ်းသွားလာရ လွယ်ကူစေရန် | ၄ | မိုးရာသီတွင် ရွာတွင်းလမ်း သွားလာရ လွယ်ကူစေရန် |
| ၅ | | ၅ | |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | စုရပ်ဆောင်ဆောက်လုပ်ခြင်း | အမျိုးသား+အမျိုးသမီး | ၄၅၀၀၀၀၀ | ၆၅ |
| ၂ | စာသင်ကျောင်းခြံစည်းရိုး | အမျိုးသား+အမျိုးသမီး | ၇၀၀၀၀၀၀ | ၆၅ |
| ၃ | မီးသတ်ရေကန်+ရေတင်စက် | အမျိုးသား+အမျိုးသမီး | ၄၅၀၀၀၀၀ | ၆၅ |
| ၄ | ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း | အမျိုးသား+အမျိုးသမီး | ၆၀၀၀၀၀၀ | ၆၅ |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မြေလွတ်မြေရိုင်းဖော်ထုတ်ခြင်းနှင့် စိုက်ပျိုးရေ ရရှိရေး | အမျိုးသား+အမျိုးသမီး | |
| ၂ | စိုက်ပျိုးရေးချေးငွေ | အမျိုးသား+အမျိုးသမီး | |
| ၃ | တနယ်ရိက္ခာထောက်ပံ့မှု | အမျိုးသား+အမျိုးသမီး | |
| ၄ | အသက်မွေးဝမ်းကြောင်းသင်တန်း | အမျိုးသား+အမျိုးသမီး | |
| ၅ | ယမ်းမပေဟာတောင်ဖျင်ကြီး ရွာချင်းဆက်လမ်း | အမျိုးသား+အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် --ဦးစံဝင်း-- လက်မှတ် ------------------------ နေ့စွဲ--၂၂-၁၂-၂၀၁

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| **လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီတောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည်-ဦးတင်အောင်မိုးမြင့် |

| | | |
|---|---|---|
| နေ့စွဲ-၂၂-၁၂-၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☒စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း-မကွေး | မြို့နယ်-ဆေတုတ္တရာ | ကျေးရွာအုပ်စု-ချင်ကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ချင်ကြီး | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း | ၆၇၀'×၅'-၆" | ၂၅၀ ယောက် | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၅၀၀၀၀၀၀ | | | | ၅၀၀၀၀၀၀ |
| ချင်ကြီး | စာသင်ကျောင်းမျက်နှာကျက်နှင့်အခင်းခင်းခြင်းအခန်းကာရံခြင်းလုပ်ငန်း | ၈၀'×၃၀'×၁၂' | ၂၅၀ ယောက် | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၆၅၀၀၀၀၀ | | | | ၆၅၀၀၀၀၀ |
| အင်းပတ်ကျင်း | စုရပ်ဆောင်ဆောက်လုပ်ခြင်း | ၂၄'×၂၄'×၁၂' | ၄၇ ယောက် | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၄၅၀၀၀၀၀ | | | | ၄၅၀၀၀၀၀ |
| မဟော်တောင် | စုရပ်ဆောင်ဆောက်လုပ်ခြင်း | ၂၄'×၂၄'×၁၂' | ၆၅ ယောက် | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၄၅၀၀၀၀၀ | | | | ၄၅၀၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

လက်မှတ်-

အမည် -ဦးကျော်ဆွေ

ရက်စွဲ- ၂၂-၀၂-၂၀၁၇

## လူထုဗဟိုပြုစီမံကိန်း ၊ စေတုတ္တရာမြို့နယ်

## အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အစည်းအဝေး၏ ရည်ရွယ်ချက် | စီမံကိန်းမိတ်ဆက်ခြင်း ၊ ကျေးရွာဖွံ့ဖြိုးရေး အခြေခံအချက်အလက်များရေးဆွဲခြင်း ၊ စီမံကိန်း လုပ်ငန်းခွဲများရွေးချယ်ခြင်း ၊ ကော်မတီများဖွဲ့ စည်းခြင်း |
| ကျေးရွာအမည် / ကျေးရွာအုပ်စုအမည် | မဟောတောင်ကျေးရွာ + အင်းပတ်ကျင်းကျေးရွာ<br>ဖျင်ကြီးအုပ်စု |
| နေ့စွဲ ။ ၂၂-၁၂-၂၀၁၆ | နေရာ။ ရွာတောင်ဘက်စုရပ်ဆောင် |
| တက်ရောက်သူဦးရေ ။ ကျား ( ၁၃ ) ဦး<br>မ ( ၁၂ ) ဦး<br>ပေါင်း ( ၂၅ ) ဦး | အချိန် နံနက် ၈း၀၀ နာရီ မှ ညနေ ၄း၀၀ ထိ |

## အစည်းအဝေးအစီအစဉ်များ

(၁) စီမံကိန်းမိတ်ဆက်ခြင်း၊ စီမံကိန်း စက်ဝန်းအကြောင်း ရှင်းလင်းခြင်း

(၂) အဓိကတာဝန်ရှိသူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း

(၃) စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း

(၄) ကျေးရွာ၏ ဖွံ့ဖြိုးရေး အခြေခံ အချက်အလက်များ ရေးဆွဲခြင်း(PRA)

(၅) ကျေးရွာ၏ အခက်အခဲများ၊ မျှော်မှန်းချက်၊ ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်း၊ဦးစားပေးစီမံကိန်း လုပ်ငန်းခွဲများ ရွေးချယ်ခြင်း

(၆) ကော်မတီဖွဲ့စည်းခြင်းနှင့် အနှစ်ချုပ်ခြင်း

## ဆွေးနွေးချက်များ

အင်းပတ်ကျင်းကျေးရွာနှင့်မဟောတောင်ကျေးရွာတို့၏အစည်းအဝေးကို ဖျင်ကြီးကျေးရွာရှိ ရွာတောင်ဘက်စရပ်ဆောင်တွင် နံနက် ၈း၀၀ မှ စတင်ကျင်းပခဲ့ပါသည်။ အစည်းအဝေး စတင်ချိန်တွင် စီမံကိန်းဝန်ထမ်းများ မိတ်ဆက်၍ အစည်းအဝေးအစီအစဉ်များကို ရှင်းပြပါသည်။

ထို့နောက် စီမံကိန်းမိတ်ဆက်ခြင်းကို လူထုစည်းရုံးရေးမှူး ဦးတင်အောင်မိုးမြင့်မှရှင်းလင်းဆွေးနွေးပြီး၊ရည်ရွယ်ချက်ကိုလဲအသေးစိတ်ဆွေးနွေးခဲ့ပါသည်။လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေများအကြောင်းကိုလည်း ရှင်းလင်းခဲ့ပါသည်။ ထို့နောက် စီမံကိန်းစက်ဝန်းအကြောင်းကို လက်ထောက်နည်းပညာမှူးဒေါ်မျိုးချစ်ခင်မှစီမံကိန်းစက်ဝန်းအပိုင်း(၆)ပိုင်းအားစီမံကိန်း လုပ်ငန်းစဉ်များဖြင့် ဥပမာပေး၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အဓိက တာဝန်ရှိသူများ၏ တာဝန်ဝတ္တရားများအကြောင်းကို လူထုစည်းရုံးရေးမှူးဦးတင်အောင်မိုးမြင့်မှရှင်းလင်းခဲ့ပါသည်။လူထုဗဟိုပြုစီမံကိန်းသည် လူထုကိုဗဟိုပြု၍အကောင်အထည်ဖော်ဆောင်ရွက်သောစီမံကိန်းဖြစ်သောကြောင့်အထူးသဖြင့် ကျေးရွာလူထုအားလုံးပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်းနှင့်ကျေးရွာလူထု၏တာဝန်ဝတ္တရားများအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာခေါင်းဆောင်များ၏တာဝန်ရှိသူများအပါအဝင် အခြားတာဝန် ရှိသူများ၏တာဝန်ဝတ္တရားများကိုရှင်းလင်းဆွေးနွေးပြီးစေတနာ့ဝန်ထမ်းကျား(၁)ဦး၊မ(၁)ဦး ကိုကျေးရွာလူထု၏ဆန္ဒနှင့်အညီရွေးချယ်ခဲ့ပါသည်။ထို့နောက်ကျေးရွာအချက်အလက်များကိုဆက်လက်ရေးဆွဲခဲ့ ကြပါသည်။ကျေးရွာအချက်အလက်များရေးဆွဲရာတွင်(၁)လူမှုအရင်းမြစ်ပြမြေပုံရေးဆွဲခြင်း (၂)အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံရေးဆွဲခြင်းကိုဦးတင်အောင်မိုးမြင့်မှဦးဆောင်ဆွေးနွေးပြီးလက်ထောက် နည်းပညာမှူးဦးကျော်သာဖြူနှင့်ဒေါ်မျိုးချစ်ခင်တို့မှကူညီဆွေးနွေး၍လူထုစည်းရုံးရေးမှူး ဦးတင်အောင်မိုးမြင့်မှအနှစ်ချုပ်ကာ နံနက်ပိုင်းအစီအစဉ်များကိုရပ်နားပါသည်။

နေ့လည်ပိုင်းအစည်းအဝေးကို နေ့ခင်း(၁း၀၀)နာရီတွင် စတင်ပြီး ကျေးရွာ၏အခက်အခဲ၊မျှော်မှန်းချက်၊ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအစီအစဉ်ရေးဆွဲရာတွင် မဟောတောင်ကျေးရွာမှ ကျား(၁)ဖွဲ့ ၊ မ(၁)ဖွဲ့ ၊အင်းပတ်ကျင်းကျေးရွာမှကျား(၁)ဖွဲ့၊ မ(၁) ဖွဲ့ အဖွဲ့ (၄) ဖွဲ့ ခွဲ၍ ဆွေးနွေးကာစီမံကိန်းလုပ်ငန်းခွဲများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။ထို့နောက် အကျုံးဝင်သောလုပ်ငန်း၊အကျုံးမဝင်သောလုပ်ငန်းများကိုလက်ထောက်နည်းပညာမှူးဦးကျော်သာဖြူမှရှင်းလင်းပါ

သည်။ ဆက်လက်၍ ကျေးရွာကော်မတီဝင်များကို ရွေးချယ်ရာတွင်လက်ထောက်နည်းပညာမှူး ဒေါ်မျိုးချစ်ခင်မှဦးဆောင်ကာကျေးရွာလူထု၏ဆန္ဒနှင့်အညီ ကော်မတီဝင်များကို ရွေးချယ်ခဲ့ကြပါသည်။

ထို့နောက်အစည်းအဝေးအစီအစဉ်အားလုံးကိုလူထုစည်းရုံးရေးမှူး ဦးတင်အောင်မိုးမြင့် မှအနှစ်ချုပ်၍အစည်းအဝေးကိုညနေ(၄း၁၅)နာရီတွင်အောင်မြင်စွာ ရုတ်သိမ်းပါသည်။

အစည်းအဝေးဆုံးဖြတ်ချက်များ

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ

| | |
|---|---|
| စေတနာ့ဝန်ထမ်း | ► ဦးအောင်ငြိမ်း |
| | ► ဒေါ်သူဇာနွယ် |
| ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ | ► ဦးကျော်ဆွေ |
| | ► ဒေါ်အောင်မကြည် |
| ဝယ်ယူရေးဆပ်ကော်မတီ | ► ဦးအောင်ချိုအေး(ဥက္ကဋ္ဌ) |
| | ► ဒေါ်မေဝင်းမောင်(မှတ်တမ်းထိန်း) |
| | ► ဦးခင်ဝင်း (အဖွဲ့ဝင်) |
| စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ► ဒေါ်မြင့်မြင့်ရီ(ဥက္ကဋ္ဌ) |
| | ► ဦးပေါက်ကြိုင်း (အဖွဲ့ဝင်) |
| | ► ဒေါ်ဥမ္မာခိုင် (အဖွဲ့ဝင်) |
| လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ► ဒေါ်မာလာကြည် (ဥက္ကဋ္ဌ) |
| | ► ဦးတင်အောင် (အဖွဲ့ဝင်) |
| | ► ဒေါ်ခင်သန်းဝင်း (အဖွဲ့ဝင်) |
| အကြံပြုဖြေရှင်းရေး | ► ဦးအောင်ကျော်သိန်း |

ကိုယ်စားလှယ် ► ဒေါ်သန်းသန်းစိန်

ကျေးရွာဘဏ္ဍာရေးစာရေး ► ဦးစံဝင်း

အုပ်စုအဖွဲ့ဝင် ► ဒေါ်ဇင်မာဦး

## ဦးစားပေးလုပ်ငန်းခွဲများ

### မဟောတောင်

၁။ ကျေးရွာစုရပ်ဆောင် က+မ

၂။ စာသင်ကျောင်းခြံစည်းရိုး က+မ

၃။ မီးသတ်ရေကန်+ရေတင်စက် က+မ

၄။ ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း က+မ

### အင်းပတ်ကျင်း

၁။ ကျေးရွာစုရပ်ဆောင် က+မ

၂။ ရွာချင်းဆက်လမ်း(အင်းပတ်ကျင်း+ဖျင်ကြီး) က+မ

၃။ ရွာတွင်းလမ်း က+မ

၄။ စာကြည့်တိုက် က+မ

၅။ ကျေးရွာခြံစည်းရိုး က+မ

အစည်းအဝေးမှတ်တမ်းတင်သူ

လက်မှတ်-

အမည် - တင်အောင်မိုးမြင့်

ရာထူး - လူထုစည်းရုံးရေးမှူး

နောက်ဆက်တွဲ(၄) ခြားနားထားသော အပိုင်းများအတွက် ဦးစားပေးလုပ်ငန်းစဉ်များ အနစ်ချုပ်

စုရင်းသည်အား VPSC တွင်ထားရှိရမည်၊အခြားဌာနများနှင့်ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည် အခနဖြင့်

ဖြည့်သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | လ/နှစ် | ကျေးရွာမှတာဝန်စ်သူသို့ အုပ်စု | မြင်ပမှ မည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ကျေးရွာစုရပ်ဆောင် ဆောက်လုပ်ခြင်း | ☐ မ ☐ ကျား | ၂၀၁၇ | ကျေးရွာလူထု | |
| | ၂ | မီးသတ်ရေကန်နှင့် အင်ကျင် | ☐ မ ☐ ကျား | ၂၀၁၉ | ကျေးရွာလူထု | |
| | ၃ | ရွာတွင်းလမ်းပြုပြင်ခြင်း | ☐ မ ☐ ကျား | ၂၀၂၀ | ကျေးရွာလူထု | |
| | ၄ | | ☐ မ ☐ ကျား | | | |
| အသက်မွေးဝမ်းကြောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | | |
| | ၂ | | ☐ မ ☐ ကျား | | | |
| | ၃ | | ☐ မ ☐ ကျား | | | |
| | ၄ | | ☐ မ ☐ ကျား | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | ☐ မ ☐ ကျား | | | |
| | ၂ | | ☐ မ ☐ ကျား | | | |
| | ၃ | | ☐ မ ☐ ကျား | | | |
| | ၄ | | ☐ မ ☐ ကျား | | | |
| ပညာရေး | ၁ | စာသင်ကျောင်းခြံစည်းရိုး ကာရံခြင်း | ☐ မ ☐ ကျား | ၂၀၁၈ | ကျေးရွာလူထု | |
| | ၂ | | ☐ မ ☐ ကျား | | | |
| | ၃ | | ☐ မ ☐ ကျား | | | |
| | ၄ | | ☐ မ ☐ ကျား | | | |
| အခြား | ၁ | | ☐ မ ☐ ကျား | | | |
| | ၂ | | ☐ မ ☐ ကျား | | | |
| | ၃ | | ☐ မ ☐ ကျား | | | |